

ငွေကူဝေနှင်း
နိုင်ငံရေး အကျဉ်းသားများ
၈ လေးလုံး အရေးတော်ပုံ
ငွေရတု အထိမ်းအမှတ်

အခန်း(၁)

# ၈ လေးလုံးအရေးတော်ပုံ

# ငွေရတုအထိမ်းအမှတ်

# နိုင်ငံရေးအကျဉ်းသူများ

# ရွှေကူမေနှင်း

# အမှာစာ

အင်းစိန်အကျဉ်းထောင်၌ ၁၉၉၁ ခုနှစ်၊ ဇွန်လ (၂၆) ရက်မှ ၁၉၉၂ ဧပြီလ (၂၉) ရက်အထိ (၁၀) လတိုင်တိုင် အကျဉ်းကျခံခဲ့ရခြင်း၏ ရလဒ်အဖြစ် ကျွန်မသည် စာအုပ် (၃) အုပ် ရေးထုတ် နိုင်ခဲ့ပါသည်။ (၁) အင်းစိန်မှတ်တမ်း၊ (၂) ကန္တာရနှင်းဆီ၊ (၃) အကျဉ်းစံ မိန်းမများ ဖြစ်၏ ။ ၁၉၉၄ တွင် အပြီးရေးသားခဲ့ပြီး ၂၀၁၂ တွင်မှ ဖော်ပြခံခဲ့ရသော `အကျဉ်းကျစာအုပ်များ'ပင် ဖြစ်သည်။

ထိုစာအုပ်များကို ရေးစဉ်ကာလမှာ စာပေလွတ်လပ်ခွင့် လေသံမျှပင် မကြားရသောကာလ ဖြစ်သဖြင့် အဖြစ်အပျက်များ၊ စကားလုံးများ အမြောက်အမြားကို ချန်လှပ်ခဲ့ရ၏ ။ ထိုစာအုပ်များ ထုတ်ဝေပြီးသောအခါ မူလဖော်ပြခဲ့သော `နရသိန်' မဂ္ဂဇင်းနှင့် လုံးချင်းအဖြစ် ထုတ်ဝေခဲ့သော စာပေတိုက်များက ထောင်ဝတ္ထုများ ထပ်မံရေးသားရန် တိုက်တွန်းကြ၏ ။ ကျွန်မက ခေါင်းခါပါ သည်။ ဤမျှဆိုလျှင် ပြည့်စုံပါပြီ။ နောက်ထပ်ရေးလျှင် အဖြစ်အပျက်တွေ `ထပ်' ကုန်မည်။ လုပ်စားသည်ဟု အထင်ခံရမည်။ ထို့ကြောင့် မရေးတော့ပါဟု ဖြေခဲ့၏ ။ စိတ်ထဲမှာလည်း ဤအ တိုင်း ဆုံးဖြတ်ခဲ့၏ ။

သို့သော်....

ဆိုခဲ့သည့်အတိုင်း ထိုစဉ်က နိုင်ငံရေးကိစ္စများကို လက်ရှောင်ခဲ့ရသဖြင့်

တကယ် သိသင့် သော အကြောင်းအရာများ ကျန်နေသည်။ စာပေလွတ်လပ်မှု အတော်အတန် ရလာသော ယခုအ ချိန်တွင် ရေး၍ ဖြစ်နိုင်သော၊ ရေးသင့်သော အကြောင်းအရာများကို ရေးဖို့ တာဝန်ကျန်နေသည်ဟု ခံစားရပါသည်။ ထို့ကြောင့် နိုင်ငံရေးပုဒ်မများချည်း စုစည်းလျက် ဤ `နိုင်ငံရေးအကျဉ်းသူများ' ကို ရေးပါသည်။ ၈ လေးလုံး အရေးတော်ပုံ ငွေရတုပွဲအမီ ထွက်ရှိရန်လည်း ရည်သန်ရပါသည်။

ယခု စာအုပ်၌ ပါဝင်ရန် နိုင်ငံရေးအကျဉ်းသူ အားလုံးကိုကား ထည့်၍ မဖြစ်နိုင်ပါ။ တူရာ တူရာစု၍ အမျိုးစုံအောင် ရွေးချယ်ခဲ့ပါသည်။ တစ်ခုခက်ခဲပုံမှာ အချို့သူများကို ကာယကံရှင် ခွင့်ပြု ချက်ယူပြီး သဘောတူညီချက်အရ အမည်ရင်းများသုံးစွဲနိုင်သော်လည်း လက်လှမ်းမမီတော့သော သူများ၊ ရေးဖွဲ့သင့်သော အကြောင်းအရာများအတွက်ကား အမည်၊ နေရပ်တို့ကို လွှဲပြောင်းရပါ၏ ။

ယနေ့ မြန်မာပြည်သူလူထု ရရှိနေသော ဒီမိုကရေစီ အသီးအပွင့် (အနည်းငယ်မျှပင် ဖြစ်ပါ စေ) တို့သည် ဤလူ ဤပုဂ္ဂိုလ်များ စွန့်စား စွန့်လွှတ် စတေးခံခဲ့ကြသဖြင့် ရရှိခြင်းဖြစ်ကြောင်း အ သိအမှတ်ပြုစေချင်သော ဆန္ဒနှင့် ရေးဖွဲ့ခြင်းလည်း ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် မ ပြည့်စုံမှု၊ ချို့ယွင်းမှုများရှိနေသည်မှာ သေချာပါသည်။ ထို မပြည့်စုံမှုများအတွက်လည်း ဉာဏ်စွမ်းရှိ သမျှထုတ်ပြီး အရိုးသားဆုံး အားထုတ်ခဲ့သော စာရေးသူအား စာနာညှာတာစိတ်ဖြင့် ခွင့်လွှတ်ကြပါ ရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။

**စာပေသစ္စာဖြင့်...**

**ရွှေကူမေနှင်း**

**၆-၆- ၂၀၁၃**

**...**

# မျက်နှာဖုံးနှင့်အတွင်းပုံများအကြောင်း

မျက်နှာဖုံးတွင် နောက်ခံပြုထားသောပုံမှာ ၈-၈-၈၈ နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကျောင်း သူတစ်ဦး ဟောပြောနေပုံ ဖြစ်ပါသည်။

အတွင်းပုံများတွင် အထောက်တော်ဝင်းမေနှင့် စာရေးသူ၏ ပုံများမှာ ယနေ့ခေတ် ၂၀၁၃ တွင် ရိုက်ယူခဲ့သော မျက်မှောက်ကာလ ဓာတ်ပုံများ ဖြစ်ပါသည်။ (အသက်မသေ ကျန်ရစ်လျက်၊ လန်းဆန်းနေဆဲ အဓိပ္ပာယ် ဖြစ်ပါ၏ ) အကြောင်းအမျိုးမျိုးကြောင့် ကျန်အကျဉ်းသူများ၏ ဓာတ်ပုံများကို မဖော်ပြနိုင်ခဲ့ပါ။ ကျန်အ တွင်းပုံများတွင် စာရေးသူနှင့် ပတ်သက်သောပုံများမှာ ၁၉၉၀ ရွေးကောက်ပွဲ ကာလကရိုက်ယူခဲ့ သော မှတ်တမ်းဓာတ်ပုံများ ဖြစ်၏ ။

အခြားပုံများနှင့် မျက်နှာဖုံးဓာတ်ပုံတို့ကို NLD ရုံးခန်း တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၄၄ မှ ရွှေဂုံတိုင်သို့ပြောင်းစဉ် ကဒ်ပြားဗွာနအခန်း၌ မေ့လျော့ချန်ရစ်ခဲ့သည်များကို မိမိက သွားရောက် ရှင်းလင်းရင်း တွေ့ရှိ၍ ယူဆောင်သိမ်းဆည်းခဲ့ခြင်း ဖြစ်၏ ။ မိမိအား အရေးယူသောအခါ နေအိမ် ကို ရှာဖွေခြင်းမပြုကြသဖြင့် ဘေးကင်းစွာ ကျန်ရစ်သော ဓာတ်ပုံများ ဖြစ်ပါသည်။

**ရွှေကူမေနှင်း**

•••